**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

**သစ်တောဦးစီးဌာန**

# သစ်တောများအား မှီခိုနေထိုင်သူများ၏ လူမှုဘဝ ဖွံ့ဖြိုး တိုးတက်စေရန် အတွက် သစ်တော ထိန်းသိမ်းခြင်းနှင့် ဒေသခံ ပြည်သူအခြေပြု စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးမှု ဆိုင်ရာ စံပြသစ်တောများ တည်ထောင်ခြင်း စီမံကိန်း (AFoCO/015/2020)

## အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောဦးစီးဌာနနှင့် အာရှသစ်တောကဏ္ဍဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (Asian Forest Cooperation Organization – AFoCO) တို့ ပူးပေါင်း၍ **"သစ်တောများအား မှီခိုနေထိုင်သူ များ၏ လူမှုဘဝ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် သစ်တောထိန်းသိမ်းခြင်းနှင့် ဒေသခံပြည်သူ အခြေပြု စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးမှုဆိုင်ရာ စံပြသစ်တောများ တည်ထောင်ခြင်း စီမံကိန်း (FD-AFoCO Model forest project)"** ကို ၂၀၂၀ ခုနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့အထိ (၃)နှစ် အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါသည်။

၂။ အဆိုပါစီမံကိန်းအတွက် အရည်အချင်းပြည့်မီသည့် စီမံကိန်းလက်ထောက် Project Assistant (Financial) (၁) ဦး လစ်လပ်လျက် ရှိပါသဖြင့် အောက်ဖော်ပြပါ သတ်မှတ် အရည်အချင်း နှင့် ပြည့်မီသူများ လျှောက်ထားနိုင်ပါသည် -

(က) B.Sc (Forestry) ဘွဲ့ရရှိပြီး စီမံကိန်း ငွေစာရင်းဆိုင်ရာ အတွေ့အကြုံ ရှိသူ ဖြစ်ရပါမည်။ အစိုးရဝန်ထမ်း မဟုတ်သူ ဖြစ်ရပါမည်။

(ခ) Microsoft Office (word, excel, powerpoint) ကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဖြစ်ရပါမည်။

(ဂ) အင်္ဂလိပ်ဘာသာဖြင့် ရေးသားနိုင်သူ၊ ပြောဆိုဆက်သွယ်နိုင်သူ ဖြစ်ရပါမည်။

(ဃ) အစမ်းခန့်ကာလအား (၆)လ သတ်မှတ်ပြီး၊ လုပ်ငန်းဆောင်ရွက်မှုအပေါ် ကျေနပ်မှု ရှိပါက အတည်ပြုခန့်အပ်သွားမည် ဖြစ်ပါသည်။

(င) စီမံကိန်းငွေစာရင်း လုပ်ငန်း အတွေ့အကြုံ ရှိသူဖြစ်ပါက ဦးစားပေးစဉ်းစားမည် ဖြစ်ပါသည်။

(စ) အလုပ်ရာထူးနေရာ မှ နှုတ်ထွက်လိုပါက စီမံကိန်း မန်နေဂျာထံသို့ အနည်းဆုံး (၁)လ ကြိုတင်၍ အသိပေးပြီး တာဝန်ယူထားသည့် လုပ်ငန်းများ အပြီးသတ်ဆောင်ရွက်ပြီးမှ နှုတ်ထွက်ရမည် ဖြစ်ပါသည်။

၃။ တာဝန်ထမ်းဆောင်ရမည့်နေရာ -သစ်တောဦးစီးဌာန၊ညွှန်ကြားရေးမှူးချုပ်ရုံး၊စီမံကိန်းရုံး။

၄။ တာဝန်ထမ်းဆောင်ရမည့်ကာလ - အလုပ်ခန့်အပ်သည့်နေ့မှ ၂၀၂၃ ခုနှစ် စက်တင်ဘာလ (၃၀)ရက်နေ့အထိ။

၅။ လစာ - အမေရိကန်ဒေါ်လာ ၂၅၀ (USD 250)။

၆။ လျှောက်လွှာနောက်ဆုံးပေးပို့ရမည့်ရက် - ၂၀၂၀ ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်

၇။ စီမံကိန်းလက်ထောက် Project Assistant (Financial) ၏ လုပ်ငန်းတာဝန်များ (Terms of Reference – ToR) မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည် -

(က) စီမံကိန်းဆိုင်ရာ ဘဏ်လုပ်ငန်းများ ဆောင်ရွက်ခြင်း၊ စီမံကိန်းလုပ်ငန်း အသုံးစရိတ်များ တင်ပြတောင်းခံခြင်း၊ လစဉ်ငွေစာရင်း ရှင်းတမ်းနှင့် အသုံးစရိတ်ပြေစာများ ပြုစုခြင်း စသည့် ငွေစာရင်းလုပ်ငန်းများ ဆောင်ရွက်ခြင်း။

(ခ) ငွေစာရင်းဆိုင်ရာ လစဉ်၊ ၃ လပတ်၊ ၆ လပတ်နှင့် နှစ်ချုပ် အစီရင်ခံစာများ ပြုစုခြင်း။

(ဂ) စီမံကိန်း၏ ရုံးလုပ်ငန်းကိစ္စရပ်များ ဆောင်ရွက်ခြင်း။

၈။ လျှောက်လွှာနှင့်အတူ ကိုယ်ရေးရာဇဝင်အသေးစိတ်အချက်အလက်များနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာမှ ထောက်ခံချက်တို့ကို afocomodelforest@gmail.com သို့ ၂၀၂၀ခုနှစ်၊ နိုဝင်ဘာလ (၉) ရက်နေ့ နောက်ဆုံးထား၍ ပေးပို့လျှောက်ထားနိုင်ပါသည်။

၉။ အသေးစိတ် သိရှိလိုပါက ဖုန်းနံပါတ် ၀၉-၄၄၁၁၇၀၉၂၁ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။